

## ၁၁၁။ မြင်ရမှ

အလုပ်သမားတစ်ယောက်သည် အလုပ်ရှင်ထံ သွားတွေ့ပြီး ပြောလိုက်သည်။

'ကျွန်တော် ခွင့်လိုချင်ပါတယ်၊ လက်ထပ်လိုက်လို့ပါ၊ ပြီးတော့ ကျွန်တော်တို့ ဟန်းနီးမွန်းခရီးလည်း ထွက်ဖို့အစီအစဉ် ရှိပါတယ်'

'ဟန်းနီးမွန်းခရီးအတွက် ခွင့် ဘယ်နှစ်ရက် ယူမှာလဲ'

ထိုအခါ အလုပ်သမား ဖြစ်သူက ဘယ်လို ပြန်ပြောရမှန်း မသိဘဲ ဖြစ်နေပြီး နောက်ဆုံးတွင် ပြောလိုက်သည်။

'ဆရာ၊ ဆရာဆိုရင် ဘယ်နှစ်ရက်လောက် ယူသလဲ ဟင်'

'ဒါတော့ ဘယ်အတတ် ပြောနိုင်မှာလဲ၊ ငါက မင်းယူတဲ့ ကောင်မကလေးကိုမှ မတွေ့ရသေးတာပဲ'

## ၁၁၂။ နောက်ဆက်တွဲ အလုပ်

'ဒီမှာ ရှင့်အဖေဆီက စာလာတယ်၊ အဲဒီ စာခေါင်းစီးမှာ ရှင့်အဖေ က သုဘရာဇာ တစ်ယောက်ပါလား'

'ဟုတ်တယ်လေ၊ မင်းက ဘာထင်နေလို့လဲ'

'ရှင် အစက ပြောတုံးက ဆရာဝန်တစ်ယောက်လို့ ပြောတယ် မဟုတ်လား'

'အဲဒီလို တစ်ခါမှ မပြောဖူးပါဘူး'

'ကျွန်မတော့ ရှင် ပြောဖူးတယ်လို့ ထင်တာပဲ'

'ဟာ၊ ငါ ပြောတာက ဆေးပညာ လုပ်ငန်းရဲ့ နောက်ဆက် တွဲ အလုပ်ကို လုပ်တာလို့ပဲ ပြောခဲ့တာပါကွာ'